

(စာစဉ် - ၁၄)

# ကမ္ဘာပျက်ကပ်က စစ်သည်တော်

ဘာသာပြန်- Swae Nyoe Team

# အခန်း ၂၀၁
## ပျော်ရွှင်စွာ ပျံသန်းခြင်း
## ဖုတ်ကောင်ငှက်များနှင့် ပက်ပင်းတိုးခြင်း

ရဟတ်ယာဉ်သည် လေယာဉ်တစ်စင်းထက် ပိုနှေး၏ ၎င်းသည် တစ်နာရီလျှင် မိုင်သုံးရာဝန်းကျင်သာ ပျံသန်းနိုင်သည်။ ကမ်းရိုးတန်းအခြေစိုက်စခန်းသည် အနောက်တောင် အခြေစိုက်စခန်းနှင့် မိုင်နှစ်ထောင်ကျော်ကွာဝေးပြီး အဟန့်အတားမရှိပါက ထိုနေရာသို့ရောက်ရန် အနည်းဆုံး ၇နာရီ အချိန်ယူရမည်။ သားရဲများက သိလွယ်၏။ အဆင့်လေး လင်းယုန်နှစ်ကောင်၏ ကာကွယ်ပေးမှုအောက်တွင် သူတို့က အနောက်တောင်ဧရိယာထဲကနေ မထွက်သွားခင် တိုက်ခိုက်မခံရပေ။

"ဦးဦး.."

လေယာဉ်ဆင်းရခြင်းက ပျင်းရိစရာ ကောင်းသောကြောင့် ယွင်ချဲ့သည် ယွင်ချန်းနှင့် ချန်ချန်ကို အပြင်လွှတ်ပေးထား၏။ ကောင်လေးက ယွင်ချဲ့ကိုမြင်လျှင်မြင်ချင်း သူ့ရင်ခွင်ထဲ ခုန်ဝင်လာသည်။ ယွင်ချန်က ထိုသို့ ပြုလုပ်ချင်၏။ သို့သော် သူ့အတွက် ယွင်ချဲ့က နေရာမချန်ထားသောကြောင့် လန်ယဲ့ဟန်ကိုသာ ထိုသို့ ပြုလုပ်နိုင်သည်။ ယွင်ချန်က ရွေးချယ်စရာ မရှိသောကြောင့် ထိုသို့ ပြုလုပ်မှန်း လန်ယဲ့ဟန် သိသွားလျှင် သူက မချင့်မရဲဖြစ်လောက်၏။

"ဒါ ဘယ်နေရာလဲ"

ယွင်ချန်းသည် ထိုင်လိုက်ပြီးနောက် ပြတင်းပေါက် အပြင်ဘက်ကို ကြည့်လိုက်၏။ သူ၏မှတ်ဉာဏ်ထဲတွင် လေယာဉ်စီးသည့် အတွေ့အကြုံ တစ်ခါမှ မရှိဘူးပေ။ လန်ယဲ့ဟန်က သူ့ကို နောက်ကနေ ဆွဲဖက်ထားလျက် ရှင်းပြလိုက်သည်။

"ကိုယ်တို့က အခု ရဟတ်ယာဉ်ပေါ်မှာလေ လမ်းလျှောက်နေတုန်းက တွေ့ခဲ့ရတဲ့ ပစ္စည်းလေ.. ကြည့်အုံး ကိုယ်တို့အခု ကောင်းကင်ထဲမှာ ဆိုတော့ မြေပြင်ပေါ်က ပစ္စည်းတွေက သေးသေးလေးတွေလို့ မထင်ရဘူးလား"

ယွင်ချဲ့သည် လန်ယဲ့ဟန်ကို ယွင်ချန်းအား အပြင်သို့ ခေါ်ခွင့် ပြုလိုက်ချိန်မှစပြီး လန်ယဲ့ဟန်သည် နေ့စဉ်နေ့တိုင်း လမ်းလျှောက်ရန် သူ့ကို ခေါ်ထုတ်သွား၏။ သူတို့ တာဝန်ထမ်းဆောင်စရာ မရှိသောကြောင့် ချောင်ယန်းအစုတစ်ခုလုံးကို လှည့်သွားခဲ့ကြသည်။ လွန်ခဲ့သည့် ရက်အနည်းငယ်က ရဟတ်ယာဉ်ကို သူတို့ တွေ့ခဲ့ချိန်က ယွင်ချန်းသည် လေဆိပ်အပြင်ဘက်၌ ထိုပစ္စည်းကို အချိန်အတော်ကြာ ကြည့်နေခဲ့သည်။

"ဟုတ်တယ် ဟုတ်တယ် ဟန်.. ကြည့်အုံး ဟိုမှာ လင်းယုန်ဘုရင်.."

ယွင်ချန်းက လန်ယဲ့ဟန်၏လက်ကို ဆုပ်ကိုင်ထားလျက် ပြတင်းပေါက်အပြင်ဘက်ကို လက်ညှိုးထိုးပြကာ စိတ်လှုပ်ရှားစွာ အော်နေ၏။ သူသည် လေယာဉ်ပထမဆုံး စီးဖူးတာ ဖြစ်၏။ ထို့ကြောင့် ချန်ချန်ကလည်း ယွင်ချဲ့၏ ပေါင်ပေါ်ကနေ ခုန်ဆင်းပြီး လိုက်အော်လိုက်သည်။ သူသည်လည်း စပ်စုချင်စိတ်ဖြင့် ပြတင်းပေါက် အပြင်ဘက်ကို ကြည့်လိုက်သည်။

"ဦးဦး.. ရွှေလင်းယုန်တွေက ဘာလို့ အပြင်မှာ နေနေကြတာလဲ"

သူတို့သည် လင်းယုန်ဘုရင်နှင့် ဘုရင်မကို ယဉ်ပါးအောင် ပြုလုပ်ပြီးနောက် ချန်ချန်က သူ၏စီးတော်သားရဲအနေဖြင့် ဟေးယွီကနေ သူတို့ နှစ်ကောင်ထဲမှ တစ်ကောင်ကို ပြောင်းလဲလိုက်သည်။ ထို့ကြောင့် သူသည် သူ

တို့ကို တကယ့်သခင် ရှင်းဖုန်းထက် ပိုပြီး ဂရုစိုက်၏။

"ဘာလို့လဲ ဆိုတော့ သူက ငါနဲ့ တစ်ခန်းတည်း နေရမှာကို ကြောက်လို့လေ"

ယွင်ချဲ့ မပြောရသေးခင် ဟောယွီက ဖြေလိုက်၏။ သူသည် စွမ်းအင်ချောင်းကို ကိုက်ဝါးနေသည်။ အားလုံးက ကပ်လျက်ရှိ ဝံပုလွေဘုရင်ကို တစ်ချက် ကြည့်မိကြသည်။ ဟောယွီသည် ယွင်ချဲ့ကို လူလိမ်ဟု မကြာခဏ ခေါ်လေ့ ရှိသော်ငြား ထိုလူများ၏ အမြင်တွင် ဟောယွီကသာ အကြီးဆုံး လူလိမ်ဖြစ်နေ၏။ သနားဖို့ကောင်းလိုက်တဲ့ ချန်ချန်၊ သူက လူလိမ်နှစ်ယောက် ပျိုးထောင်တာ ခံနေရတယ်။

"ဟောယွီက လင်းယုန်တွေကို ထပ်အနိုင်ကျင့်နေပြန်ပြီ"

ချန်ချန်သည် ဟောယွီ၏စကားကို အတည်ယူသွားသည်။ သို့သော် သူက မလေးစားသွားဘဲ ထိုအစား ပါးများဖောင်းလျက် မျက်မှောင်ကြုတ်ကြည့်လိုက်၏။ ဟောယွီက စားသောက်နေတာကို ချက်ချင်း ရပ်တန့်ကာ ခုန်ဆင်းလိုက်သည်။

"ချန်ချန် အထင်မလွဲနဲ့ ငါ သူတို့ကို အနိုင်ကျင့်ဖို့ မလိုဘူး။ အကြည့်တစ်ချက်နဲ့ သူတို့ကို ချိန်းခြောက်နိုင်တယ်။ ဒါက သာလွန်မြင့်မြတ်တာလို့ ခေါ်တယ်။ နားလည်လား"

အမျိုးသားတစ်ယောက်သည် ပြစ်တင်ပြောဆိုမှုကို ခံနိုင်ရည်မရှိလေရာ သားရဲနတ်ဘုရားဆို ပိုဆိုးပေ၏။ ဟောယွီက သူ့လက်များကို ဝှေ့ယမ်းလျက် မကျေမချမ်းဖြင့် အမှန်တရားကို တောင်းဆိုတော့သည်။

"ထွက်သွားလိုက်.. မင်းသာ သားရဲနတ်ဘုရားမဟုတ်ရင် သူတို့က မင်းကို ကြောက်မှာလား"

ယွင်ချဲ့က အမြဲတမ်း ရက်စက်သည်။

"ဟုတ်တယ် ဟေးယွီ မင်းတို့ နှစ်ကောင်ကြားက ဟန်ချက်ညီမှုကရော ဘာလဲ.. ဝံပုလွေဘုရင်က လူကောင်းလေးတစ်ယောက်ပဲ မင်းက ဘစ်ဘော့ ကြီးလေ မင်း သဘောထားကြီးသင့်တာပေါ့။ တစ်ချိန်လုံး သူတို့ကို ကြမ်းတမ်းမနေနဲ့ ချိန်းခြောက်မနေနဲ့"

ကျိုးဇယ်ယွီက လိုက်ရှုပ်ရန် ဤအခွင့်အရေးကို မည်သို့ လက်လွှတ်ခံမည်နည်း။

ယဲ့ရှင်းချန်က ဝံပုလွေဘုရင်၏ခေါင်းကို ပုတ်လျက် ထောက်ခံလိုက်၏။

"ဟိဟိ ဒီတစ်ခေါက် ငါ ချဲ့ကို လက်မထောင်ပေးရတော့မှာပဲ ဝံပုလွေဘုရင်က လိမ်မာတဲ့ကောင်လေး သူ့ကို ချောက်လန့်တာ ရပ်လိုက်တော့"

"စီနီယာ ဝံပုလွေဘုရင်က ကောင်းတယ်။ ဟေးယွီက ဆိုးတယ်"

"ဟား ဟား.."

ကျန်းရှန်က လိုရင်းတိုရှင်းဖြင့် တိတိကျကျ ကောက်ချက်ချလိုက်ရာ လူတိုင်းကို ဝါးလုံးကွဲ ရယ်မိသွားစေ၏။ ဟေးယွီသည် မခံမရပ်နိုင်အောင် ဒေါသထွက်လျက် ထိုလူများကို သူ့လက်တစ်ထိုးထိုးဖြင့် ဒေါသတကြီး ဟိန်းဟောက်တော့၏။

"ဘယ်အချိန်ကများ ငါ သူတို့ကို အနိုင်ကျင့်လို့လဲ။ ငါ့ကြောင့်သာ မဟုတ်ရင် သူတို့ ဒီလောက် လိမ်မာနေမှာလား။ မင်းတို့တွေက ကျေးဇူးမသိတတ်တဲ့ ငမိုက်သားတွေပဲ။ ကျေးဇူးတင်ရမဲ့အစား အတူပေါင်းပြီး ငါ့ကို ဆန့်ကျင်နေတယ် ဝူး ဟူး.. သခင် နမ်းပါ နမ်းပါ"

သူ၏အော်ဟစ်သံက ညည်းတွားသံအဖြစ် ပြောင်းလဲသွားသည်။ ဟေးယွီက ယွင်ချဲ့ဆီ ခုန်ဝင်လိုက်ပြီး သူ၏လက်များဖြင့် ယွင်ချဲ့၏ရင်ဘတ်ကို

ထောက်လိုက်၏။ ရှင်းဖုန်သည် ယင်းကို မြင်တွေ့ပြီးနောက် သူ့ကို ဆုပ်ကိုင်ကာ ပစ်ထုတ်လိုက်တော့သည်။

"သေစမ်း ရှင်းဖုန်း မင်းက ငမိုက်သားပဲ ဒါ့အတွက် ပေးဆပ်ရမယ်"

ခွေးပေါက်လေး လေထဲ ရောက်သွားချိန်တွင် သူက ရှင်းဖုန်းကို ချိန်း ခြောက်လိုက်၏။ လူအများက ရယ်ကြတော့သည်။ သို့သော်ငြား ရှင်းဖုန်းက သူ့ကို တစ်ချက်တောင် မကြည့်ဘဲ ယွင်ချဲ့၏ ရင်ဘတ်ကို ပုတ်ပေးကာ ပြောလိုက်၏။

"ဒါက ငါ့ဟာ"

"ဟေး.. ငါတို့ လေယာဉ်ပေါ်မှာနော် မင်းတို့တွေ ကြွားလုံးထုတ်တာကို တစ်မိနစ်လောက် မရပ်ပေးနိုင်ဘူးလား"

ထိုစကားကို ကြားပြီးနောက် ကျိုးဇယ်ယွီသည် ယွင်ချဲ့ မပြောရသေးခင် ရှင်းဖုန်းကို ဆန့်ကျင်ရန် အရင်ဆုံး ထရပ်တာ ဖြစ်သည်။ သူနှင့် မုန့်ကန်က တစ်ကိုယ်တော် ယောက်ျားသားများ ဖြစ်ပြီး တစ်ကိုယ်ထဲ နေရခြင်းက ခက်ခဲလွန်းလှသည်။ ကျိုးဇယ်ယွီသည် အခြေစိုက်စခန်းသို့ ရောက်စဉ်က ချစ်သူရှာရန် တက်တက်ကြွကြွဖြင့် ကြိုးကြိုးစားစား ကြိုးပမ်းခဲ့၏။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့သည်။ သူသည် အခြေစိုက်စခန်းကို တစ်ပတ် ပတ်လျှောက်ပြီးနောက် အစုသို့ သုတ်တီးသုတ်ပြာ ပြေးခဲ့ရ၏။ စွမ်းအားရှင်များ ဧရိယာထဲရှိ မိန်းကလေးများသည် သာမန်မိန်းကလေးများ မဟုတ် သူတို့သည် အမျိုးသားများထက်တောင် ပိုပြီး တဏှာကြီးသည်။ သူတို့က ကျိုးဇယ်ယွီကို မြင်သည်နှင့် ပြေးလာကြသည်။ သူတို့က ကျိုးဇယ်ယွီက ချစ်သူလိုချင်ကြောင်း ကြားသည့် အချိန်၌ ကျိုးဇယ်ယွီ၏ ချယ်ရီကိုတောင် ဖောက်လုနီးပါး ဖြစ်၏။ လွတ်မြောက်ရန်အတွက် သူက ခဲရခဲဆစ် တိုက်ခိုက်ခဲ့ရသည်။ ပြီးနောက်

သူသည် သာမန်မိန်းကလေးများ နေထိုင်ရာ အရပ်သားဇရိယာအပိုင်းEသို့ သွားခဲ့၏။ သို့သော် ထိုမိန်းကလေးများသည် သူက ထိပ်ဦးကမှန်း သိပြီး သူတို့က ကျိုးဇယ်ယွီကို သိုးငယ်လေးတစ်ကောင် ဖြစ်သည့်ပမာ ကြည့်ကြ၏။ ဤနည်းဖြင့် ကျိုးဇယ်ယွီသည် မိန်းကလေးများ ရှာတာ အဆုံးသတ်လိုက်တော့သည်။ မိန်းကလေးများက ယွင်ချဲ့ထက် ပိုကြောက်မက်ဖွယ် ကောင်းနေသောကြောင့် ကံကြမ္မာ၏ ရက်စက်မှုကို သူ စိတ်ထဲ မထားပေ။ သူက တစ်ယောက် မတွေ့ဆုံနိုင်လျှင် တစ်ကိုယ်တည်း နေလိုက်မည်။

"ဘာလဲ ထပ်နာသွားပြန်ပြီလား"

ယွင်ချဲ့က သူ့ကို တစ်ချက် ကြည့်ပြီးနောက် အနာပေါ် ဆားဖြူးလိုက်ပြန်၏။ စွမ်းအားရှင် အားလုံးနီးပါးက စွမ်းအားရှင်နှင့် အရပ်သားဇရိယာထဲ၌ သူ၏ ဆိုးဝါးလွန်းသော အတွေ့အကြုံကို ကြားဖူးပြီးသား ဖြစ်သည်။ ဤနေရာရှိ လူတိုင်းက သူ့ဇာတ်လမ်းကို ဗားရှင်းမျိုးစုံကို ကြားထားသည်။

"မကောင်းတဲ့ကောင်တွေ.."

ကျိုးဇယ်ယွီက ယွင်ချဲ့ကို ပြောဆိုလိုက်သော်ငြား သူ၏ ပြန်ကန်ပြောမှုက အားလျော့လွန်း၏။ သူက စိတ်ပျက်လက်လျှော့ကာ မုန့်ကန်ကို မှီလိုက်၏။

"အတူ ကပ်နေရအောင်.. သူတို့ကို လျစ်လျူရှုထားလိုက်.."

သို့သော်...

"မရဘူး.. ငါနဲ့အတူ ရှီ ပါလာတယ်"

မုန့်ကန်က သူ့ကို တွန်းထုတ်ပြီးနောက် ကျိုးဇယ်ယွီ မှီသွားသည့်ပခုံးပေါ် ဖုန်ခါလိုက်လေ၏။ သူက သူ့ညီလေးဘက် လှည့်ပြီး ပြောလိုက်သည်။

"ရှီ သူနဲ့ ဝေးဝေးနေ သူရဲ့ဒီအပိုင်းက မကောင်းတဲ့ပုံပဲ"

မုန့်ကန်က ပြောနေရင်း သူ့ခေါင်းကို လက်ညှိုးထိုးပြလိုက်၏။

"ဟေး.. ဒါက ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုပဲ ငါ့ခေါင်းက အဆင်မပြေဘူးတဲ့လား။ မင်းတို့ ညီအစ်ကိုတွေက ငါ့ကို ရှုးနေတယ်လို့ ပြောလိုက်တာလား"

ကျိုးဇယ်ယွီသည် မုန့်ကန်ပြောတာ ကြားပြီးနောက် ချက်ချင်း ထလာတော့၏။ ချောင်ယန်းနှင့် ထိပ်ဦးသည် နောက်ထပ် ဒရာမာအတွက် အသင့်ပြင်နေပြီဖြစ်သည်။ ချူးဟောက်လင်သည် သူ၏စွမ်းအားနယ်မြေထဲမှ နေကြာစေ့များတောင် ထုတ်ပြီး လူတိုင်းကို တစ်ထုတ်ပေးလိုက်၏။ သူက အားပေးလိုက်တော့သည်။

"လုပ်လိုက်တော့ ဇယ်ယွီ စကားတွေ အများကြီး ပြောမနေနဲ့ တိုက်သာ တိုက်ခိုက်လိုက်.."

တစ်စုံတစ်ယောက်သည် တစ်စတစ်စ ပိုပြင်းထန်ချင်လျှင် အငြင်းပွားချင်ပုံပေါ်၏။ သို့သော် သူတို့က ရဟတ်ယာဉ်ပေါ်၌ စတင်တိုက်ခိုက်ကြပါက ကမ်းရိုးတန်းအခြေစိုက်စခန်းသို့ လမ်းလျှောက်သွားရပေလိမ့်မည်။

ဖုန်း..

အား.. အူး..

လူတိုင်းက အချိန်ကောင်းလေး ရှိနေစဉ် ဟယ်လီကော်ပတာက ယိမ်းခါသွားပြီး ချန်ချန်က ကြောက်လန့်တကြား အော်တော့သည်။ ယွင်ချဲ့က သူ့ကို ဖက်ထားလိုက်သည်။ ဟေးယွီသည် ပခုံးပေါ်က ခုန်ဆင်းလိုက်၏။ ရှင်းဖုန်းက နားကြပ်တပ်ကာ မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

သူတို့ အခြေအနေ ငြိမ်သွားချိန်၌ ပြတင်းပေါက်ဘေးကို ကြည့်လိုက်ရာ ထိုနေရာ၌ ဖုတ်ကောင်ငှက်များစွာ ရှိနေတာကို တွေ့လိုက်ရသည်။ အနက်ရောင်ငှက်များက ကျီးကန်းများ ဖြစ်နေပုံပေါ်၏။

"ဘယ်နေရာမှန်းမသိ ဖုတ်ကောင်ကျီးကန်းတွေ အများကြီး ထွက်လာတယ်။ အနည်းဆုံး အကောင်တစ်ထောင်လောက် ရှိမယ် လင်းယုန်တွေက သူတို့နဲ့ တိုက်ခိုက်နေပြီ"

နားကြပ်ကနေ ရှင်းဖုန်းက ရှန်းလွှေ့၏ တည်ငြိမ်သည့် သတင်းပို့ချက်ကို နားထောင်လိုက်၏။ ကျန်းရှန်က ဖုတ်ကောင်ကျီးကန်းများဆီကနေ လွတ်နိုင်အောင် ဟယ်လီကော်ပတာကို ထိန်းချုပ်ဖို့ ကြိုးစားနေသည်။ ဟယ်လီကော်ပတာက ဘယ်မှညာသို့ ယိမ်းလိုက်၏။ ယဲ့ရှင်းချန်နှင့် ကျန်သည့် သူများကလည်း ယိမ်းယိုင်သွားသည်။

ယွင်ချဲ့က ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"ယဲ့ဟန် ချန်းကို ဂရုစိုက်ထား.. ဇယ်ယွို၊ ဟိုင်ရှွမ်း.. အပြင်ထွက် ငါ့နောက်လိုက်ခဲ့"

"ချန်ချန် ရွှေရောင်လင်းယုန်နဲ့ ကစားဖို့ စွမ်းအားနယ်မြေထဲ ပြန်သွားရမယ်။ ကျီးကန်းတွေကို ဖြေရှင်းပြီးရင် ပြန်ထုတ်ပေးမယ်"

ယွင်ချဲ့သည် သူတို့ သူပြောတာ ကြားမကြား အတည်ပြုရန် အချိန်မရခဲ့ပေ။ ချန်ချန်ကို အမြန်နှစ်သိမ့်လိုက်၏။

"ဟုတ်.."

ဟယ်လီကော်ပတာက ယိမ်းယိုင်နေပြီး ချန်ချန်က ကြောက်နေ၏။ သို့သော် သူက ခေါင်းညိတ်လိုက်သေးသည်။ ယွင်ချဲ့က သူ့ခေါင်းလေးကို ပုတ်ပေးပြီးနောက် စွမ်းအားနယ်မြေထဲ ပို့လိုက်သည်။

"အားလုံး အသင့်ပြင် တံခါးဖွင့်.."

အမိန့်ပေးပြီးနောက် ရှင်းဖုန်းသည် နားကြပ်ကို ချွတ်ကာ ယွင်ချဲ့နှင့်အတူ နောက်သို့ သွားလျက် ကျိုးဇယ်ယွီနှင့် လုဟိုင်ရှွမ်းက နောက်က လိုက်သွား

သည်။ အဆင့်လေး လေထုစွမ်းအားရှင် နှစ်ယောက်လုံးသည် ပျံသန်းခြင်း စွမ်းရည် ပိုင်ဆိုင်ကြ၏။ သို့သော် ခရီးသည်တစ်ယောက်ထက် ပိုလျှင် ကြာရှည်မခံနိုင်ပေ။ အကြောင်းမှာ စွမ်းအင်ပမာဏများစွာ ကုန်ဆုံးသောကြောင့် ဖြစ်သည်။ သူတို့က အပြင်ထွက်ရန် ရွေးချယ်လိုက်ခြင်းမှာ အပြင်ဘက်၌ လင်းယုန်များ ရှိပြီး ရှင်းဖုန်းနှင့် လုဟိုင်ရွှမ်း နှစ်ယောက်လုံးက ရွှေစွမ်းအားရှင်များဖြစ်ရာ သူတို့၏ထိုးနှက်ချက်များက ဟယ်လီကော်ပတာကို မထိခိုက်စေပေ။

ဟူး ဟူး..

တံခါး ပွင့်သွားသည်နှင့် လေပြင်းများက တိုက်ခတ်လာကာ ဖုတ်ကောင်ကျီးကန်းများကလည်း နေရာလွတ်ကနေ တိုးဝင်လာ၏။ ရှင်းဖုန်းနှင့် လုဟိုင်ရွှမ်းတို့က သူတို့အတွက် အသင့်ပြင်ထားကာ ရွှေဓားများ တစ်ဒါဇင်ခန့်ကို ပစ်ထုတ်လိုက်သည်။

"ကာထား.."

တံခါးပွင့်သွားချိန်၌ ယွင်ချဲ့သည် ကျိုးဇယ်ယွီကို ရစ်ပတ်ရန် လေထုစွမ်းအားကို သုံးလိုက်၏။ သူက အော်ဟစ်လျက် ရှင်းဖုန်းကို အပြင်ထုတ်လိုက်သည်။ သူတို့က လေထုစွမ်းအားထဲတွင် ရှိနေသောကြောင့် ကျီးကန်းများက သူတို့ကို မတိုက်ခိုက်နိုင်..။

သို့သော် ဟယ်လီကော်ပတာထဲ ဝင်လာသည့် ကျီးကန်းများကို အနီးကပ်တိုက်ခိုက်ရေးသမား ကျောက်ကန်သည် ဟေးယွီထံမှ ရထားသည့် ဓားဖြင့် ကျီးကန်းခေါင်းများကို ဖြတ်တောက်တော့သည်။ ကျန်းရှန်နှင့် ကျန်သည့်သူများက တာဝေးတိုက်ခိုက်ရေးသမားများ ဖြစ်ရာ ကျောက်ကန်ကို ပံ့ပိုးပေးဖို့ စွမ်းအားများ ထုတ်ဖော်လိုက်သည်။

ယဲ့ရှင်းချန်သည် ဝံပုလွေဘုရင်မရှိဘဲ မတိုက်ခိုက်နိုင်..။ သူက နားကြပ်ကို

ကိုင်လျက် ရှန်းလွေ့ကို တံခါးပိတ်ရန် ညွှန်ကြားလိုက်၏။ ပြီးနောက် ဟေး ယွီ သူ့အား ပေးထားသည့် ဒူးလေးကို သုံးကာ သူ့အတွက် ကျန်းရှန် ပြင်ပေးထားသည့် မြားများကို မီးညှိလိုက်၏။

ဝှစ် ဝှစ်..

တိုတောင်းတိကျသည့် မြားက ကျီးကန်းသုံးကောင်၏ ခေါင်းကို ထိသွားသည်။ ယဲ့ရှင်းချန်သည် လေးအတတ်ကို လေ့ကျင့်ထား၏။ အကြောင်းမှာ သူသည် လက်နက်မရှိသူတစ်ယောက် မဖြစ်ချင်သောကြောင့် ဖြစ်၏။ တံခါးပိတ်သွားသည်နှင့် ပိုများပြားသည့် ကျီးကန်းများက ဟယ်လီကော်ပတာထဲ ဝင်ရန် ကြိုးစားနေသည်။ ကံကောင်းသည်မှာ အဆင့်နိမ့် ကျီးကန်းများသာ ဖြစ်ရာ အဆင့်အမြင့်ဆုံးက အဆင့်နှစ်သာ ရှိ၏။ အဆင့်လေးစွမ်းအားရှင်များသည် သူတို့ကို အလွယ်တကူ သုတ်သင်နိုင်၏။

ဟယ်လီကော်ပတာ၏ အတွင်းပိုင်းကလည်း ရှင်းလင်းသွား၏။ အပြင်ဘက်တွင် လေထုစွမ်းအားက ယွင်ချဲ့နှင့် ကျန်သည့်သူများကို ကျီးကန်းများထံမှ ကာကွယ်ပေးနေပြီး သူတို့က ကျီးကန်းများကို တကယ်ဂရုမစိုက်ပေ။ ကျီးကန်းအုပ်ထဲကနေ ဖောက်ထွက်ချိန်၌ သူတို့က အဆင့်သုံး ဖုတ်ကောင် ကျီးကန်းများနှင့် တိုက်ခိုက်နေသော လင်းယုန်ဘုရင်နှင့် လင်းယုန်ဘုရင်မကို တွေ့လိုက်သည်။

ယွင်ချဲ့နှင့် ကျိုးဇယ်ယွီက တစ်ယောက်ကို တစ်ယောက် ခေါင်းညိတ်ပြ၏။ ပြီးနောက် သူတို့သည် လင်းယုန်များဆီ ပျံသန်းသွားရန် ရှင်းဖုန်းနှင့် လုပဟိုင်ရွှမ်းကို ခေါ်သွား၏။

"ကူး ကူး.."

သန္ဓေပြောင်းသားရဲများသည် စွမ်းအားမြင့် ခန္ဓာကိုယ်များ ရှိကြသည်။ သို့သော် ဖုတ်ကောင်သားရဲများထက် စွမ်းအားများ မရထားပေ။

ဖုတ်ကောင်များသည် အဆင့်သုံးရောက်သည့် အချိန်၌ စွမ်းအားများ အသုံးပြုနိုင်၏။ စွမ်းအားများက အဆင့်သုံးဖုတ်ကောင်ကြီးကန်းများနှင့် တိုက်ခိုက်ရာ၌ ဒဏ်ရာမရတာ ကံကောင်းသည်။ သို့သော် သန္ဓေပြောင်း သားရဲများအဖို့ ဖုတ်ကောင်သားရဲများကို အနိုင်ယူဖို့က ခက်ခဲနေသည်။ လင်းယုန်များက သူတို့သခင် ရောက်လာတာကို ခံစားမိချိန်၌ ဧရာမ တောင်ပံများကို ခတ်ကာ ဖုတ်ကောင်များ၏ တိုက်ခိုက်မှုဆီကနေ ရှောင် လျက် ရှင်းဖုန်းဆီ စတင်ပျံသန်းတော့သည်။

***